မှုမရှိပါ။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာ ဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ မိုးရာသီတစ်ချိန်သာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ပါသည်။ စပါးကိုသာ အဓိကထား စိုက်ပျိုးကြပါ သည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၈)စုနှင့် ကျား(၃၃၀)၊ မ(၃၅၂)ဦးဖြင့်လူဦးရေပေါင်း (၆၈၂)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးကိုက်ညီသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြ ပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၁%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုး သားဦးရေသည် အမျိုးသမီးဦးရေထက် ( ၃ %) ပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု (၂၀)စုသည် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်ခံယူကြပြီး၊ အိမ်ထောင်စု(၁၈)စု သည် ချမ်းသာသည့် အဆင့်၊အိမ်ထောင်စု(၈၀)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ လယ်ယာမြေ ပိုင်ဆိုင်မှုနည်းပါး၍ သီးနှံအထွက်လျော့နည်းပြီး ဈေးနှုန်းကျဆင်းမှုများကြောင့် ဝင်ငွေနည်းပါးသဖြင့် ကျေးရွာတွင် အခြားဒေသသို့သွား ရောက်လုပ်ကိုင်နေကြသူများလည်းရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

ငုံနှင့်နှမ်းများမှာ တစ်ဧကလျှင် ပျမ်းမျှ (၅)တင်းနှုန်း ထွက်ရှိပါသည်။မြေပဲမှာ တစ်ဧကလျှင် ပျမ်းမျှ(၂၀)တင်းထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာမျှဝေမှုအားနည်းပြီး ကျေးရွာသူ/သားများမှာ လေ့လာမှု အားနည်းပါသည်။ ထို့ပြင် တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တောင်သူများသည် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို အသုံးပြုကြသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုတို့ကို ရင်ဆိုင်ရတတ်သည်။ ရာသီဥတု မမှန်ခြင်းကြောင့် စိုက်ခင်းများတွင် သဘာဝဘေးအန္တရာယ်ဖြစ်သော ဖျက်ပိုးကျရောက်မှုကို ပိုမိုကြုံတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေး အကူအညီနှင့် နည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၂၀%) ဝန်း ကျင်သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စု(၄၅%)ရှိပြီး တစ်ရွာလုံးအတိုင်းအတာ မွေးမြူကြပြီး အိမ်ထောင်စုများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကာ ဈေးကွက်ဝယ်လိုအား ကောင်းကြသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ် ရောဂါနှင့်ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသဖြင့် လုပ်ငန်းအဆင်ပြေချောမွေ့စေရန် နွားမွေးမြူသူ အများအပြားရှိပါသည်။

နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာ လုပ်ငန်းပိုင်းတွင်လည်း အဟန့်အတားများ အနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာထဲမှ ငွေချေးယူသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းများမှာ မြင့်မားတတ်သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။

ထားသည်။ ကျေးရွာတွင် သမဝါ ယမ အသင်းမှ အသင်းဝင် တစ်ဦးလျှင် (၁.၅)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထား ကို လေ့လာဆန်းစစ်ချက်အရပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ အား လုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ တစ်သိန်းကျပ်မှ ဆယ်သိန်းကျပ်အထိ ချေးယူ ထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ (၆၀%)သည် အကြွေးငွေ ငါးသိန်း အောက်ချေး ယူထားကြပြီး (၃၀%)သည် ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိရ ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ မူလတန်းကျောင်းမှာ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်း ဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာသားအား လုံးမှာရေးတတ် ဖတ်တတ် ကြပြီး လူဦးရေအားလုံး၏ (၁%)မှာ ဘွဲ့ကြိုးကျောင်းပညာရေး ရရှိထား ကြသည်။ မူလ တန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ် ကျောင်းတက်နှုန်းမှာ မူလတန်း အရွယ်မှာ အလယ်တန်းအရွယ်ရှိသူ အရေအတွက်ထက် ပိုများနေကြောင်း တွေ့ရှိရပါသည်။ ၎င်းတွင် မူလတန်းတွင် (၉)နှစ်၊ အလယ်တန်းတွင် (၁၄)နှစ်ထက်ကြီးသော ကျောင်းသား များရှိနေခြင်း၊ အနီးကျေးရွာများမှ ကျောင်းသား/သူများ တက်ရောက်နေခြင်း တို့ကြောင့် ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂတို့ လုံလောက်မှုရှိပါသည်။ ဆရာ(၁)ဦး၊ ဆရာမ (၄)ဦး၊ စုစုပေါင်း(၅)ဦးရှိပါသည်။ ဆရာမ အင်အားလုံလောက်မှု ရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု အသင့်အတင့်ရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်း သားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို နိုင်ငံတော်မှ အခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ ။ ကျန်းမာရေး ဝန်ဆောင် မှုတို့နှင့် လက်လှမ်းမီမှု အားနည်းပါသည်။ ကံမမြို့နယ်တွင် ဆေးရုံရှိသဖြင့် ကျန်းမာရေး အတွက် သွားရောက်သည်။ လျှပ်စစ်မီးရရှိသော မြို့ဖြစ်သောကြောင့် လိုအပ်သောဆေးများ အအေးခန်းဖြင့် သိုလှောင်ထားနိုင်သည်။ အရေးပေါ် ကျန်းမာရေးအတွက် ပြည်မြို့နယ် ဆေးရုံ၊ ဆေးဆိုင်များ နှင့် လက်လှမ်းမီ သွားရောက်ကုသနိုင် သည်။

ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထား ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ပျဉ်ထောင်အိမ်သာဖြင့် ဆောက်လုပ်သုံးစွဲကြသည်။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | **လမ်းတံတားဖွံ့ဖြိုးမှုစီမံချက်**<br>• ကျေးရွာတွင်းတံတားမကောင်းမွန်ခြင်း | • ၁၂လ ရာသီသွားလာရန်မကောင်းမွန်ခြင်း၊မိုးတွင်းကာလ လူ၊နွားများမသွားလာနိုင်ခြင်း<br>• အောက်ခံမြေမကောင်းခြင်း၊ | ချောင်းကျောက်စရစ်လွယ်ကူစွာရရှိခြင်း | • ငွေကြေးအင်အားမတက်နိုင်ခြင်း<br>• နည်းပညာအားနည်းခြင်း<br>• သက်ဆိုင်ရာဦးစီးဌာသို့တင်ပြတောင်ခံမှုမရှိခြင်း | • သက်ဆိုင်ရာဌာနများနှင့်ကျေးရွာပြည်သူများပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။<br>• ရန်ပုံငွေထူထောင်ခြင်း | • ကျေးရွာရှိပြည်သူများနှင့်သက်ဆိုင်ရာဌာနများပူးပေါင်း၍ စီမံချက်နှင့်လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ |
| | • ကျေးရွာတွင်ဆေးပေးခန်းမရှိခြင်း | • ကျေးရွာကိုယ်ထူကိုယ်ထမဆောင်ရွက်နိုင်ခြင်း<br>• သက်ဆိုင်ရာမှ ဆောင်ရွက်ပေးမှုမရှိခြင်း | ဆေးပေးခန်းတည်ဆောက်ရန်မြေနေရာရှိခြင်း | • ငွေကြေးအင်အားမတက်နိုင်ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာသို့တင်ပြတောင်ခံမှုမရှိခြင်း | • သက်ဆိုင်ရာဌာနများနှင့်ကျေးရွာပြည်သူများပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ | • ကျေးရွာရှိပြည်သူများနှင့်သက်ဆိုင်ရာဌာနများပူးပေါင်း၍ စီမံချက်နှင့်လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ |
| | • ကျေးရွာတွင်းတံတားမှာ မိုးရေးကြီး၍ပျက်စီးသွားခြင်း | • သစ်သားတံတားဖြစ်ပြီးရေတိုက်စားမှုကြောင့်ပျက်စီးခြင်း<br>• တံတားတည်ဆောက်ထားသည်မှာ နှစ်ကာလကြာနေပြီဖြစ်၍ ဟောင်းနွမ်းနေခြင်း | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြတောင်းခံထားခြင်း | • ငွေကြေးမတက်နိုင် ခြင်း<br>• နည်းပညာအားနည်း ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာနမှဆောင်ရွက်ပေးမှုမရှိခြင်း | • ကျေးရွာပြည်သူများပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ | • သက်ဆိုင်ရာဌာနများပူးပေါင်း၍ စီမံချက်နှင့်လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ |

